1946 - 2006 UNITE FOR CHILDREN

unicef

သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ်သစ် ရန်ကုန်မြို့သို့ရောက်ရှိခြင်း

၂၀၀၆ခုနှစ်၊ ဇွန်လ(၅)ရက်။

မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ်သစ် မစ္စတာရာမက်(ရှ်)ရှရက်(စ်)သာ သည် ၄င်း၏တာဝန်များကို ထမ်းဆောင်ရန် ယနေ့နံနက် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

မစ္စတာရှရက်(စ်)သာသည် မြန်မာနိုင်ငံတွင် ယူနီဆက်အစီအစဉ်များကို အကောင်အထည်ဖော်ရာ၌ ကလေးသူငယ်များအရေးကို ရှေ့ရှုသွားမည်ဖြစ်ကြောင်း ရှေးဦးစွာ ကတိကဝတ်ပြုလိုက်ပါသည်။

မြန်မာနိုင်ငံရှိ ယူနီဆက်အဖွဲ့သို့လာရောက်တာဝန်ထမ်းဆောင်ခွင့်ရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက် မိပါကြောင်း နှင့် မြန်မာ့ကလေးသူငယ်များ၏ ဘဝကောင်းမွန်ရေး နှင့် ကျန်းမာရေး ကြိုးပမ်းမှုများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားရန် မျှော်မှန်းနေကြောင်း ပြောဆိုပါသည်။ ထို့ပြင် မြန်မာ့ကလေးသူငယ်တို့၏ ဘဝ ပြောင်းလဲလာစေရေးအတွက် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများနှင့်လည်း လက်တွဲလုပ်ဆောင်သွားရန် အထူး စိတ်ဝင်စားကြောင်း ဖော်ပြပါသည်။



မစ္စတာရာမက်(ရှ်)ရှရက်(စ်)သာသည် ယူနီဆက်တွင် တာဝန်ထမ်းဆောင်နေသည်မှာ (၂၄)နှစ်ခန့်ရှိပြီးဖြစ်ပါသည်။ ရန်ကုန်သို့မလာမီအချိန်တွင် ယေမင်နိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သက္ကရာဇ် ၁၉၉၇ မှ ၂၀၀၀ ခုနှစ်အတွင်း အီရပ်နိုင်ငံမြောက်ပိုင်း ယူနီဆက်ရုံးတွင် ဦးဆောင်လုပ်ကိုင်ခဲ့ပြီး ကျန်းမာရေး၊ ပညာရေး၊ အာဟာရရရှိရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး စီမံကိန်းများကို စီမံခန့်ခွဲခဲ့ပါသည်။

မစ္စတာရာမက်(ရှ်)ရှရက်သာသည် အာဟာရဆိုင်ရာပါရဂူဘွဲ့နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဟာဘွဲ့တို့ကို ရရှိထား ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

*****************

ကလေးသူငယ်များသည် ရှင်သန်ရေးနှင့် ကျန်းမာရေးအခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင် အတည့်အလင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ထိုသဘောတူစာချုပ်ကို ၁၉၉၁တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

*****************

**ဆက်လက်သိလိုပါက**

ဂျေဆင်ရပ်(ရှ်) Jason Rush <jrush@unicef.org>

ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ ယူနီဆက် မြန်မာကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar